ကျွန်တော်တို့ ရေလည်ကျွန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၇၀) မှ လူဦးရေပေါင်း (၆၁၇) ( က ၃၀၇ + မ ၃၁၀) ရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃.၆) ရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှလူဦးရေတိုးပွါးမှု ၅ ယောက်နှုန်းနှင့် လျော့နည်းနေသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ ၃၉၉ ဦး (၆၄%) ရှိပြီး၊ မှီခိုသူဦးရေမှာ ၂၁၈ ဦး (၃၅%) ရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သော အရွယ် လူဦးရေမှာ အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေး ဝမ်းကြောင်း ကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင် နိုင်မည် ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများရှိပါသည်။ တစ်နှစ်အောက် လူဦးရေမှာ ၆ ဦး (၀.၉%) သာ ရှိသဖြင့် လူဦးရေမွေးဖွါးနှုန်း နည်းသည်ကိုတွေ့ရ သည်။ တစ်နှစ်နှင့် ၅ နှစ်အောက် လူဦးရေ ၆၃ ယောက် (၁၀.၂%) ရှိသဖြင့် ၅ နှစ်အောက် ကာကွယ်ဆေး ထိုးရမည့် အရေအတွက်ကို အတိ အကျသိရှိနိုင်သည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းနေ အရွယ်လူဦးရေ ကိုလည်း သိရှိရ သော ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်း ရှိမရှိကို အလွယ် တကူ နှိုင်းယှဉ် သိရှိနိုင်မည်ဖြစ် ပါသည်။ ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်ကြီး ၁၄ ယောက် (၂.၂%) ရှိသဖြင့် ကျန်းမာ ရေးစောင့်ရှောက်မှုပေးရန် လိုအပ်ကြောင်း ခန့်မှန်း သိရှိနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏ အဓိက အသက်မွေးဝမ်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပြီး စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု (၁၀၂)၊ စိုက်ပျိုးရေးလုပ်ငန်း ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စု ၆၃စု၊ လက်လီ/လက်ကားရောင်းဝယ်ရေး (၃)စု၊ ကုမ္ပဏီဝန်ထမ်း (၂)စု၊ စုစုပေါင်း ၁၇၀ စု ရှိပါသည်။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မိသားစုဝင် လုပ်အားမှာ ၄၁၁ ဦးရှိသည်ကို လေ့လာ တွေ့ရှိရသောကြောင့် တစ်အိမ်ထောင် ပျမ်းမျှမိသားစုဝင် လုပ်အားအနေဖြင့် ၂.၄ ယောက်နှုန်း အလုပ်လုပ် နေကြရသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သောအရွယ် ၃၉၉ ဦး ရှိပြီး အလုပ်လုပ်နေသူ ၄၁၁ ဦး ၊ အထက်တန်းကျောင်းနေ ၅၉ ဦး၊ စုစုပေါင်း ၄၇၀ ဦး ရှိသဖြင့် အလုပ်လုပ်နိုင်သည့် အရွယ်ထက် ၇၁ ဦးရှိပြီး အဆိုပါ (၇၁)ဦးအနေဖြင့် သက်ငယ်လုပ်သားများအဖြစ် လုပ်ငန်းခွင်ဝင်နေရကြောင်း တွေ့ရှိ ရနိုင်ပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေး ဝမ်းကြောင်း ကျွမ်းကျင်မှု များ ထောက်ပံ့ ပေးခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင် နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေး အတွက် အလား အလာ ကောင်းများရှိပါသည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သည့် ဦးရေ (၁၉၂)ဦးသည် လုပ်ငန်း တစ်မျိုး ထက်ပို၍၊ သို့မဟုတ် လူတစ်ဦး တည်းက ဝင်ငွေရလုပ်ငန်း များကို လုပ်ငန်း တစ်မျိုး ထက်ပို၍ တွဲဖက် လုပ်ငန်းအနေ ဖြင့် အလုပ်လုပ် နေကြရ သည်ကိုလည်း တွေ့ရ သည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား ၂ မျိုး ရှိသည်ကိုတွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အများဆုံးအမျိုးသား လုပ်ခမှာ ၄၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၀၀၀ ကျပ်၊ အများဆုံးအမျိုးသမီးလုပ်ခမှာ ၃၀၀၀ ကျပ် ဖြစ်ပြီး အနည်းဆုံး လုပ်ခမှာ ၂၀၀၀ ကျပ် ဖြစ်ပါသည်။

ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းတွင် အများဆုံးအမျိုးသား လုပ်ခမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၄၀၀၀ ကျပ်၊ အများဆုံးအမျိုးသမီးလုပ်ခမှာ ၄၀၀၀ ကျပ် ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၀၀၀ ကျပ်ဖြစ်ပါသည်။

လက်လီလက်ကားလုပ်ငန်းတွင် အများဆုံးအမျိုးသမီးလုပ်ခမှာ ၃၀၀၀ ကျပ် ဖြစ်ပြီး အနည်းဆုံး လုပ်ခမှာ ၂၀၀၀ ကျပ်ဖြစ်ပါသည်။

ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုချင်းတူသော်လည်း လုပ်အားခအနေ ဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှုရှိသည်ကို တွေ့ရသည်။

ကျေးရွာတွင် မြေယာမဲ့ ၇၀ အိမ်ထောင်စု (၄၁%) ၊ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ ၄၅ အိမ်ထောင်စု ( ၂၆%)၊ ၂.၅ ဧကနှင့် ၅ ဧကအကြားပိုင်ဆိုင်သူ တောင်သူငယ် ၂၅ အိမ်ထောင်စု (၁၅%)၊ ၅ ဧကနှင့် ၁၂.၅ ဧကအကြားပိုင်ဆိုင်သူ အလယ်အလတ်စားတောင်သူ ၂၀အိမ်ထောင် (၁၂%)နှင့် ၁၂.၅ ဧကအထက် ပိုင်ဆိုင်သူ တောင်သူကြီး ၁၀ အိမ် (၆%) ရှိသည်ကို တွေ့ရသည်။ တောင်သူကြီးအရေ အတွက်မှာ ၁၀ အိမ် (၆%)

SAMPLE

သာရှိသော်လည်း စိုက်ပျိုးမြေအများစုကို ၄င်း လူနည်းစုမှ ပိုင်ဆိုင်နေ ကြောင်းတွေ့ရသည်။ ကျန်မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင် သူငယ် မိသားစုများမှ ၄င်းတောင်သူကြီးများ၏ စိုက်ပျိုးမြေများတွင် နေ့စားအငှါးလုပ်ကိုင် ကြရသည်။

ကျေးရွာတွင် ထွန်စက် (၁၈)စင်း၊ လက်တွန်းထွန်စက် ၃၆ စင်း၊ ရိတ်သိမ်းစက် (၃)စင်း၊ ခြွေလှေ့စက် (၉)စင်း၊ ရေစုပ်စက် ၂၃ ခုနှငေ့် မြက်ရိတ်စက် ၁ ခုသာ ရှိပြီး ပုဂ္ဂလိကပိုင်များသာ ဖြစ်သည်။ ထွန်စက်အား ၁နာရီ ၂၅၀၀၀ ကျပ်နှုန်း ဖြငေ့် တောင်သူကြီး နှငေ့် တောင်သူလတ်တို့ကသာ သုံးစွဲပါသည်။ ကျေးရွာတွင် စက်ကရိယာ လုံလောက်မှုမရှိပါ။ ထိုကြောငေ့် စိုက်ပျိုးစရိတ်သက်သာစေရန်အတွက် နိုင်ငံတော်အနေဖြငေ့် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများအား အရစ်ကျချထားပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံး ကရိယာ ပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေ သည် အရေးပါ သည်ကို တွေ့ရသည်။ အဆင်ပြေသောအိမ်ထောင်စု ၂၀အိမ် (၁၂%)၊ အလယ်အလတ် အဆင့် အိမ်ထောင်စု ၄၀ အိမ် (၁၇%)၊ ဆင်းရဲသော အိမ်ထောင်စု ၅၀ အိမ် (၂၉%)နှင့် အဆင်းရဲဆုံး အိမ်ထောင်စု ၆၀ အိမ် (၄၂%) ရှိသည်။ ထို့ကြောင့် အဆင်ပြေအဆငေ့်နှငေ့် အလယ်အလတ် အဆင့် ၆၀ အိမ် (၂၉ %) သာ တစ်နှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိပြီး ကျန် ဆင်းရဲသား အိမ်ထောင်စု ၅၀ အိမ် နှင့် အဆင်းရဲဆုံး အိမ်ထောင်စု ၆၀ အိမ် သည် တစ်နှစ်ပါတ်လုံး ဝမ်းစာ ဖူလုံမှု မရှိကြောင်း တွေ့ရသည်။ အဆိုပါ အိမ်ထောင်စုများသည် အဆင်ပြေနှငေ့် အလယ်အလတ် အိမ်ထောင်စုများ တွင် နေ့စား လုပ်ကိုင်ခြင်း၊ သစ်ခုတ်၊ ဝါးခုတ်လုပ်ကိုင်ခြင်းဖြငေ့် ကျပန်းလုပ်ငန်း လုပ်ကိုင်ကြသော်လည်း ဝင်ငွေ ရရှိမှုနဲပါးပါသည်။

ကျေးရွာတွင် အဆင့် ၃ မိသားစု၏ ၃၀ % (၁၅) အိမ်နှင့် အဆငေ့် ၄ မိသားစု ၏ ၃၀ % (၁၈) အိမ်၊ စုစုပေါင်း ၃၃ အိမ်ထောင်စုအား စီစစ်ကြည့်ရာတွင် ကျေးရွာတွင် ချေးငှါးခြင်းမရှိဘဲ တစ်နေ့လျင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများမှာ ၃ လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု ၃၃ အိမ် (၁၉%) ရှိပြီး လုပ်အားခကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီးကျပန်းလုပ်ကိုင်၍ ပြန်လည်ဆပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ထိုကြောငေ့် ကျေးရွာအနေဖြငေ့် အသေးစားချေးငွေ၊ အတိုးမဲ့ ချေးငွေများလိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင် မိသားစုစောငေ့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၅) ဦးနှငေ့် ဆင်းရဲ၍ မိသားစု ဦးရေများသညငေ့် အမျိုးသမီးဦးဆောင်သညငေ့်အိမ်ထောင်စု (၅)စုရှိပြီး နေ့စား ကျဘမ်းလုပ်ကိုင်လျက် ရှိပါသည်။ ထိုကြောငေ့် အဆိုပါသက်ကြီးရွယ်အိုများအား ကျေးရွာမှ အလျဉ်းသငေ့် သလို ထောက်ပံ့ပေး ရပါသည်။ အသက်အရွယ်ကြီးမြငေ့်သောကြောငေ့် ဘဝရပ်တည်နေထိုင်ဖို့ ခက်ခဲ သောကြောငေ့် ကျေးရွာ အဆငေ့် သက်ကြီး ရွယ်အိုစောငေ့်ရှောက်ရေး ဂေဟာ ဆောက်လုပ်ပြီး အခြား အသေးစားထောက်ပံ့ စရိတ်(ဆန်၊ဆီ၊ အဝတ်အစား)များ ပံ့ပိုးပြီး စောငေ့်ရှောက် သငေ့်ပါသည်။ ထိုကြောငေ့် ကျေးရွာအနေဖြငေ့် သက်ကြီးရွယ်အိုစောငေ့်ရှောက်ရေးဂေဟာဆောက်လုပ်ရန် ငွေကြေးအခက်အခဲများ လိုအပ်လျက် ရှိပါသည်။

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မီးဘေး၊ သစ်တော ပြုန်းတီးခြင်း၊ တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှုစသည်တို့တွင် ထိခိုက်လွယ်မှု မြင့်သည်။ အဘယ် ကြောင့်ဆိုသော် စားနပ်ရိက္ခာမဖူလုံမှုတွင် အလုပ်ပုံမှန်မရှိခြင်းနှင့် လုပ်အားခ နည်းသောကြောင့် ထိခိုက် လွယ်မှု မြငေ့်သည်။ သဘာဝရင်းမြစ် ရှားပါးမျု (မြေ၊ စိုက်ပျိုးရေး)တွင် စိုက်ပျိုးမြေတို့ချဲ့ရန်မရှိ၊ စိုက်ပျိုး ရေ ရရှိနိုင်ခြင်း မရှိကြပါ။ ကျေးရွာသည်

SAMPLE

ချောင်းရေ၊ စိမ့်စမ်းရေများရှိသောလည်း တရားမဝင်သစ်ခုတ်မှု သစ်တော ပြုန်းတီးမှု များကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေမရရှိသဖြင့် သီးနှံဖြစ်ထွန်း အောင်မြင်မှု နည်းပါးပါသည်။ ထိုကြောင့် စိုက်ပျိုးရေရရှိရေး အတွက် စိုက်ပျိုးရေးသုံး အဝီစီ စက်ရေတွင်းများ တူးဖော်ခြင်း၊ မြစ်ရေတင်စီမံကိန်း ဆောင်ရွက်နိုင်သော်လည်း ကုန်ကျစရိတ် မတတ်နိုင်ခြင်းနှင့် နည်းပညာ အား ခြင်းများကြောင့် အခက်အခဲများစွာ ရှိပါသည်။ ငွေကြေး အကူအညီများ ၊ ရေစုပ်စက်များ ရှိမှ စိုက်ပျိုး သီးနှံများဖြစ်ထွန်းအောင်မြင်နိုင်ကြောင်း တွေ့ရှိရပါသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ မြေပဲ၊ နှမ်း၊ ပဲစင်းငုံနှင့် ပြောင်း တို့ဖြစ်သည်။ ပြောင်းကို သီးသန့်စိုက်ပျိုးခြင်းမရှိဘဲ မြေပဲနှင့် သီးညှပ်စိုက်ပျိုးကြသည်။ မြေပဲ စိုက်ပျိုးမြေ ဧကစုစုပေါင်းမှ ၂၅၀ ဧကဖြစ်ပြီး သီတင်းကျွတ်လတွင် စတင်စိုက်ပျိုးကာ တပို့တွဲလတွင် ရိတ်သိမ်း ကြသည်။ သီးနှံထွက်နှုန်းမှာ အများဆုံး ၅၀ တင်းမှ အနည်းဆုံး ၉၀ တင်း၊ တဧက ပျမ်းမျှထွက်နှုန်းမှာ ၇၀ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် နိမ့်သောကြောင့် အကျိုးအမြတ် ရရှိမှု အခြေ အနေမှာ အသင့်အတင့်ဖြစ်သည်။ နှမ်းစိုက်ပျိုးမြေဧကစုစုပေါင်းမှ ၁၅၀ ဧကဖြစ်ပြီး ဝါခေါင်လ တွင် စတင်စိုက်ပျိုးကာ ပြာသိုလတွင်ရိတ်သိမ်းကြသည်။ သီးနှံထွက်နှုန်းမှာ အများဆုံး ၃ တင်းမှ အနည်းဆုံး ၅ တင်း၊ တဧက ပျမ်းမျှထွက်နှုန်းမှာ ၄ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် နိမ့်သော ကြောင့် အကျိုးအမြတ်ရရှိမှု အခြေ အနေမှာ အသင့်အတင့်ဖြစ်သည်။ ပဲစင်းငုံစိုက်ပျိုးမြေ ဧက စုစုပေါင်းမှ ၁၀၀ ဧကဖြစ်ပြီး ကဆုန်လတွင် စတင်စိုက်ပျိုးကာ တပေါင်းလတွင်ရိတ်သိမ်းကြသည်။ သီးနှံ ထွက်နှုန်းမှာ အများဆုံး ၅ တင်းမှ အနည်းဆုံး ၇ တင်း၊ တဧက ပျမ်းမျှထွက်နှုန်းမှာ ၆ တင်းဖြစ်သည်။ သွင်းအားစု လိုအပ်ချက် နိမ့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေ အနေမှာ အသင့် အတင့်ဖြစ်သည်။ တချို့စိုက်ပျိုးမြေအများစုမှာ ပုံစံ ၇ မရှိသောကြောင့် စိုက်ဘဏ်မှ ချေးငွေမရနိုင်ကြပါ။ သွင်းရေ မရရှိကြပါ။ မြန်မာစိုက်ပျိုးရေးမှ လိုအပ်သော မျိုးကောင်း မျိုးသန့်များကို လိုသလောက်၊ အချိန်မီ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ နည်းပညာ ဝန်ဆောင်မှုများ လည်း ရရှိသည်။ ရရှိနိုင်သော မျိုးကောင်းမျိုးသန့်များကိုလည်း ရှင်းလင်းပြောကြားပေးသည်။

ကျေးရွာတွင် အိမ်ထောင်စု ၂၅၄ စု ရှိသော်လည်း မွေးမြူရေးလုပ်ကိုင်သူ ၁၇၆ အိမ်ထောင်စု (၆၉%) ရှိသဖြင့် တစ်အိမ်ထောင်လျှင် တိရစ္ဆာန် ၂မျိုး ခန့်မွေးမြူကြကြောင်းတွေ့ရှိရပါသည်။ မွေးမြူထားသော အကောင်ရေမှာ ခိုင်းနွား ၃၅ကောင်၊ ကျွဲ ၁၅၅ ကောင်၊ ဝက် ၇၈ ကောင်နှင့် ကြက် ၂၁ ကောင် မွေးမြူကြသည်။ တိရိစ္ဆာရောဂါ ကျရောက်ပါက ကုသပေးသည့် တိကုဆရာဝန်အား အလွယ် တကူ မခေါ်ယူ နိုင်ပါ။ကျေးရွာ၏မွေးမြူရေးတိရိစ္ဆာန်များသည် စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ တစ်ပိုင်တစ်နိုင် အိမ်တွင်သာ မွေးမြူကြပါသည်။ မွေးမြူရေး၏ အဓိ ကအခက်အခဲမှာ နည်းပညာ ဝန်ဆောင်မှု အခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသနင့် လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်း ရရှိမှု အခြေအနေ၊ ရောဂါပိုးကျရောက်မှု၊ သားငါး ရောင်းချရာတွင် သားသတ်လိုင်စင်ရရှိသူ၏ ခေါင်းပုံ ဖြတ်မှုခံရပြီးနှင့် လိုင်စင်ချ ထားရာတွင် ပွင့်လင်းမြင်သာမှု မရှိခြင်း။ လွတ်လပ်စွာ ရောင်းချခွင့် မရ ကြပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေးအဓိကလုပ်ကိုင်သောကြောင့် အခြားဝင်ငွေရ လုပ်ငန်းများဖြင့် အသက် မွေးသော အိမ်ထောင်စု အနဲငယ်သာရှိပါသည်။ ထုတ်ကုန်လုပ်ငန်း(၃)ခု၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း(၄)ခု၊လက်လီ-လက်ကားရောင်း ဝယ်ရေး(၆)ခု၊ ကျန်းမာ ရေး(၁)ခု သာရှိပြီး အလုပ် ပုံမှန်မရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ကြောင့် ဝင်ငွေနည်းပါးသည်။ ကျေးရွာ တွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှုလည်း နည်းပါးသည်။ အရင်းအနှီးလည်း နည်းပါး ပြီး ချေးငွေလည်း လက်လှမ်းမမီကြပါ။ အသက်မွေးဝမ်းပညာသင်တန်းများ တက်ရောက်ရန်နှင့် လုပ်ငန်း ထူထောင်ရန်လည်း ကုန်ကျစရိတ်နှင့် အရင်း အနှီး မတတ်နိုင်ကြပါ။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

SAMPLE

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| အိမ်အခြေအနေ | သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း | သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း | သက်ကယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း | သက်ကယ်မိုး၊ အင်ဖက်ကာ၊ မြေစိုက် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ ထော်လာဂျီ၊ ရေစုပ်စက်၊ မြက်ရိတ်စက် | ခိုင်းနွား၊ ရေစုပ်စက်၊ မြက်ရိတ်စက်၊ ဓား၊ တံဇဉ်၊ ပေါက်ပြား | တံဇဉ်၊ ပေါက်ပြား၊ ဓား | တံဇဉ်၊ ပေါက်ပြား၊ ဓား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ တီဗွီ၊ စလောင်း၊ ဖုန်း | ဆိုင်ကယ်၊ တီဗွီ ၊ ဖုန်း | လက်တော့တီဗွီ ၊ ဖုန်း | ရေဒီယို၊ ကတ်ဆက် |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး၊ အရောင်းအဝယ် | တောင်သူလတ် | ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | ရွှေ၊ ကျောက်၊ နွား၊ကျွဲ | နွား၊ ကျွဲ၊ ရွှေ | နွား၊ ကျွဲ | |
| အိမ်ထောင်စု - | ၂၀ (၁၂%) | ၄၀( ၁၇%) | ၅၀ (၂၉%) | ၆၀ (၄၂%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးကရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေ သည် အရေးပါ သည်ကို တွေ့ရသည်။ အဆင်ပြေသောအိမ်ထောင်စု ၂၀အိမ် (၁၂%)၊ အလယ်အလတ် အဆင့် အိမ်ထောင်စု ၄၀ အိမ် (၁၇%)၊ ဆင်းရဲသော အိမ်ထောင်စု ၅၀ အိမ် (၂၉%)နှင့် အဆင်းရဲဆုံး အိမ်ထောင်စု ၆၀ အိမ် (၄၂%) ရှိသည်။ ထို့ကြောင့် အဆင်ပြေအဆင့်နှင့် အလယ်အလတ် အဆင့် ၆၀ အိမ် (၂၉ %) သာ တစ်နှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိပြီး ကျန် ဆင်းရဲသား အိမ်ထောင်စု ၅၀ အိမ် နှင့် အဆင်းရဲဆုံးအိမ်ထောင်စု ၆၀ အိမ် သည် တစ်နှစ်ပါတ်လုံး ဝမ်းစာ ဖူလုံမှု မရှိကြောင်း တွေ့ရသည်။ အဆိုပါအိမ်ထောင်စုများသည် အဆင်ပြေနှင့် အလယ်အလတ် အိမ်ထောင် စုများ တွင် နေ့စား လုပ်ကိုင်ခြင်း၊ သစ်ခုတ်၊ ဝါးခုတ်လုပ်ကိုင်ခြင်းဖြင့် ကျပန်းလုပ်ငန်း လုပ်ကိုင်ကြသော်လည်း ဝင်ငွေ ရရှိမှုနဲပါးပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု%** | **ဖြေရှင်းသည့် နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | ၃၃ | ၁၉ | လုပ်အားခကြိုယူခြင်း၊ ချေးငွေ |
| ၃ လနှင့် ၅ လ အထိ | | | |
| ၆ လ မှ ၁၂ လ အထိ | | | |

ရင်းမြစ် .. ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။(အဆင့် ၃ မှ ၃၁ အိမ်နှင့် အဆင့် ၄ မှ ၂၄ အိမ်၊ စုစုပေါင်း ၆၅ အိမ်)** ကျေးရွာတွင် အဆင့် ၃ မိသားစု၏ ၃၀ % (၁၅) အိမ်နှင့် အဆင့် ၄ မိသားစု ၏ ၃၀ % (၁၈) အိမ်၊ စုစုပေါင်း ၃၃ အိမ်ထောင်စုအား စီစစ်ကြည့်ရာတွင် ကျေးရွာတွင် ချေးငှါးခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများမှာ ၃ လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု ၃၃ အိမ် (၁၉%) ရှိပြီး လုပ်အားခကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီးကျပန်းလုပ်ကိုင်၍ ပြန်လည်ဆပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ထို့ကြောင့် ကျေးရွာအနေဖြင့် အသေးစားချေးငွေ၊ အတိုးမဲ့ ချေးငွေများလိုအပ်လျက်ရှိပါသည်။

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မီးဘေး၊ သစ်တော ပြုန်းတီးခြင်း၊ တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှုစသည်တို့တွင် ထိခိုက်လွယ်မှု မြင့်သည်။ အဘယ် ကြောင့်ဆိုသော် စားနပ်ရိက္ခာမဖူလုံမှုတွင် အလုပ်ပုံမှန်မရှိခြင်းနှင့် လုပ်အားခ နည်းသောကြောင့် ထိခိုက် လွယ်မှု မြင့်သည်။ သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေး)တွင် စိုက်ပျိုးမြေတို့ချဲ့ရန်မရှိ၊ စိုက်ပျိုး ရေ ရရှိနိုင်ခြင်း မရှိကြပါ။ ကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိသောကြောင့် နှစ်စဉ် မြစ်ရေ ဝင်ရောက်ပါသည်။ သစ်တောများ၊ ထင်းများ စည်းကမ်းမဲ့ ခုတ်လှဲခြင်းနှင့် မီးသွေး ထုတ်လုပ်ခြင်း ကြောင့်လည်း သစ်တောပြုန်းတီးမှုနှင့် မိုးခေါင်မှုများဖြစ်ခဲ့ပါသည်။ မီးဘေးတွင် အချိန်မရွေး ကျရောက် တတ်ပြီး ကျေးရွာသည် တောတောင်တို့နှင့်နီးစပ်သဖြင့် တောမီးအန္တရာယ် ကျရောက်တတ်သောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုတွင် မွေးမြူထားရှိသည့် တိရစ္ဆာန် များ နှစ်စဉ် ကူးစက်ရောဂါများကျရောက်၍ သေဆုံးမှုများသောကြောင့် မြင့်ပါသည်။ ရေကြီးခြင်း၊ အအေး လွန်ကဲခြင်း၊ငှက်ဖျားရောဂါနှင့်တီဘီရောဂါတို့တွင် လတ်ပါသည်။ အအေးလွန်ကဲခြင်း တွင် အမြဲတမ်းမဟုတ်သော်လည်း တစ်ခါ တစ်ရံ ကျရောက်ပါက တုန့်ပြန်နိုင်မှုအားနည်း သောကြောင့် လတ်ပါသည်။ငှက်နှင့် ငှက်ဖျား ဇုံအတွင်း တည်ရှိသောကြောင့်လည်း ငှက်နှင့် ငှက်ဖျားရောဂါသည် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ တီဘီရောဂါ သည် လူမျိုးမရွေး၊ ဘာသာမရွေးကူးစက် ကျရောက် တတ်သောရောဂါဖြစ်သဖြင့် လူတစ်ဦးနှင့်တစ်ဦး ကူးစက်နိုင်သည်ကို မသိရှိနိုင်သောကြောင့် ကျေးရွာ တွင် ဖြစ်ပွားမှုနည်းသော်လည်း ထိခိုက်လွယ်မှု လတ်ပါသည်။ကျန်ထိခိုက်လွယ်မှုများအနေဖြင့် နိမ့်ပါ သည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မိသားစုဝင်ငွေအတွက် အဓိကအလုပ်လုပ်ကိုင်ကြရသည်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | မိသားစုများပြီး ဝင်ငွေနည်းသည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ပုံမှန်အလုပ်အကိုင်မရှိ။ ဝင်ငွေနည်းသည်။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | လတ် | ငှက်ဇုံအတွင်း တည်ရှိသည်။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် | ဧရာဝတီမြစ်ဘေးကျေးရွာ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ | |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ပုံမှန်အလုပ်အကိုင်မရှိ။ လုပ်အားခနည်း သည်။ ဝင်ငွေနည်းသည်။ |

SAMPLE

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပက | ၃ | ၇ | ၅ | ၁၂ | ဘာသာရေး | ၄ | ၇ |
| ၂ | အုပ်ချုပ်ရေးအဖွဲ့ | ၂ | ၁၅ | | ၁၅ | ကျေးရွာဖွံ့ဖြိုးရေး | ၄ | ၇ |
| ၃ | ပြည်သူ့စစ် | ၂ | ၁၀ | | ၁၀ | လုံခြုံရေး | ၄ | ၇ |
| ၄ | မီးသတ် | ၂ | ၁၀ | | ၁၀ | မီးဘေးလုံခြုံရေး | ၄ | ၇ |
| ၅ | ကျောင်းအကျိုးတော်ဆောင် | ၂ | ၇ | | ၇ | ကျောင်းကိစ္စ | ၄ | ၇ |
| ၆ | မိဘဆရာအသင်း | ၂ | ၄ | ၃ | ၇ | ကျောင်းကိစ္စ | ၄ | ၇ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း ၆ ဖွဲ့ရှိသည်။ ၄င်းတို့အနက် လူမှုရေးကို အခြေခံသောအဖွဲ့ ၅ ဖွဲ့ရှိပြီး ဘာသာရေးကို အခြေခံသောအဖွဲ့ ၁ ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့ဝင် အရေအတွက်ကို လေ့လာကြည့်ရာတွင် အဖွဲ့အစည်းများဖွဲ့စည်းရာ၌ အမျိုးသမီးဦးရေပါဝင်မှု သည် မိဘဆရာအသင်းနှင့်ဂေါပကအဖွဲ့တွင်သာ အနည်းငယ်ပါရှိပြီး ကျန်အဖွဲ့အစည်းတွင် ပါဝင်မှု နည်းသည်ကိုတွေ့ရပါသည်။ ၄င်းအဖွဲ့ ၅ ဖွဲ့အနက် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးရွာလူထု ကိုယ်တိုင်ဖွဲ့စည်းသောအဖွဲ့သာရှိပြီး ပြင်အဖွဲ့အစည်းများ မရှိပါ။ ၄င်းအဖွဲ့များကို လေ့လာရာတွင်လည်း ကျေးရွာလူထုမှ ကျေးရွာ၏လိုအပ်ချက်အရ ဖွဲ့စည်းသောအဖွဲ့များသာ ရည်ရှည်/ ကြာရှည် ရပ်တည် လေ့ရှိပြီး အဖွဲ့သားအချင်းချင်းအကြား အပြန်အလှန်ယုံကြည်မှု အပြည့်အဝရှိကြသည်။ တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိကြသည်။ အထူးလှုံ့ဆော်ရန် မလိုအပ်ဘဲ စည်းလုံးမှု၊ တက်ကြွမှု အပြည့်အဝ ရှိသည်ကို တွေ့ကြရသည်။

၄င်းအဖွဲ့အစည်း ၆ ဖွဲ့စလုံးသည်လည်း အစဉ်အလာအရ ဖွဲ့စည်းပြီး ဆောင်ရွက်နေ ကြသော်လည်း အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် အသင့်အတင့်သာရှိကို တွေ့ကြရသည်။ ကျေးရွာ အတွင်းရှိ

SAMPLE

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၁၁၅ | ၇၇ | ၁၉၂ | ၁၆၉ |
| အလယ်တန်း (၁၀-၁၄နှစ်) | ၄၈ | ၅၂ | ၁၀၀ | ၆၁ |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၁၁ | ၉ | ၂၀ | |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၃ | ၄ | ၇ | |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး မူလတန်းကျောင်းနေအရွယ် စုစုပေါင်း ၁၁၃ ယောက်ရှိသော်လည်း လက်ရှိရွာ စာသင်ကျောင်းတွင် တက်ရောက်နေသော ဦးရေမှာ ၁၉၂ယောက်၊ ၁၆၉% အထိရှိကြောင်းတွေ့ရသည်။ များနေရခြင်းမှာ KG တန်း တိုးလာခြင်း ကြောင့်ဖြစ်ပါသည်။ အလယ်တန်းအဆင့်တွင် ကျောင်းတတ်ရောက်နေသူ (၁၀၀) ဦးသာ ရှိပြီး ကျန် (၆၃)ဦးသည် တကောင်းမြို့သို့ သွားရောက်တတ်ရောက်ခြင်းနှင့် တက်ရောက်ရာတွင် အဆောင်စရိတ်၊ သွားစရိတ်လာစရိတ်ကြီးမြင့်သောကြောင့် ကျောင်းထွက်ပြီး မိဘ၏လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နေရသည်ကို တွေ့ရပါသည်။ထိုကြောင့် ကျေးရွာ တွင် တက္ကသိုလ်ကျောင်းသား/သူ (၇)ဦးသာ ကျန်ရှိ ပါသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | အလယ်တန်းကျောင်း(ခွဲ) | | | | | |
|---|---|---|---|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ရွာအတွင်း | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | | | | | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၁၀ခန်း×၂ခန်း×၁၀ပေ (၁)ဆောင် ၊ ၈ခန်း×၂ခန်း×၁၁ပေ (၁) ဆောင်၊ ၃ခန်း×၂ခန်း×၉ပေ မူကြိုဆောင်(၁)ဆောင်၊ ၂ခန်း×၂ခန်း×၁၂ပေ ရုံးခန်း (၁)ဆောင် | | | | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သွပ်မိုး၊ ပျဉ်ထောင်၊ အုတ်ခင်း/ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း/ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း/ သွပ်မိုး၊ ပျဉ်ထောင်၊ အုတ်ခင်း | | | | | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ကျောင်းသုံး ပရိဘောဂ မလုံလောက်/ ရေလောင်းအိမ်သာ (၃)လုံးရှိ | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ဝိုကြိမ်ရေ) | မရှိ။ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၆ | ၇ | ၁ | ၂ | ၃ |
| ကျေးရွာခန့် | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး ကျေးရွာအတွင်း တည်ရှိပါသည်။ ၁၀ခန်း×၂ခန်း×၁၀ပေ၊ သွပ်မိုး၊ပျဉ်ထောင်၊ အုတ်ခင်း ကျောင်းဆောင် (၁)ဆောင် ၊ ၈ခန်း×၂ခန်း×၁၁ပေ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း ကျောင်းဆောင် (၁) ဆောင်၊ ၃ခန်း×၂ခန်း×၉ပေ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း မူကြိုဆောင်(၁)ဆောင်၊ ၂ခန်း×၂ခန်း×၁၂ပေ သွပ်မိုး၊ ပျဉ်ထောင်၊ အုတ်ခင်း ရုံးခန်း (၁)ဆောင် ကျောင်းသုံး ပရိဘောဂနှင့် ကျောင်းအိမ်သာ လုံလောက်မှုမရှိပါ။ ကျောင်းအာဟာရတိုက်ကျွေးမှုမရှိပါ။ ကျောင်းဆရာဦးရေ ကျား (၁)၊ မ(၆)၊ ပေါင်း (၇)ရှိသာ ရှိပါသည်။ ကျေးရွာခန့်အနေဖြင့် ကျား (၁) ၊ မ (၂) စုစုပေါင်း (၃)ဦးဖြင့် သင်ကြားလျက်ရှိပါသည်။

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| | တ်သောအလုပ်အကိုင်အခွင့ဝ<br>ဝ်အလမ်းရှားပါးခြင်း၊<br>ပုံမှန်အလုပ်အကိုင်မရခြင်း၊<br>လုပ်အားခနည်း ခြင်း။<br>အသေးစားစီးပွါးရေးလုပ်ငန်း<br>များအတွက်<br>အရင်းအနှီးမရနိုင်ခြင်း၊ | ဖွံ့ဖြိုးမှုနှငဝ့်ဝ်အရင်းအနှီး<br>အား နည်းခြင်း၊<br>ပုဂ္ဂလိကဘဏ်နှငဝ့်ဝ်ငွေ<br>ကြေးဝန်ဆောင်မှုစနစ်<br>ဖွံ့ဖြိုးမှုအားနည်းခြင်း၊<br>လက်ရှိလုပ်ငန်းများအ<br>တွက်ခေတ်မီ<br>လက်နက်ကရိယာမရှိ<br>ခြင်း၊<br>အသက်မွေးလုပ်ငန်းကျွမ်း<br>ကျင်မှု<br>အားနည်းခြင်းနှငဝ့်ဝ်အဆ<br>က်အသွယ် အားနည်းခြင်း။ | အားသာချက်ကြောငဝ့်ဝ်<br>ဈေးနှငဝ့်ဝ်လက်လှမ်း<br>မီခြင်း၊လမ်းပန်းဆက်သွယ်<br>ရေးနှငဝ့်ဝ်သယ်ယူပို့ဆောင်<br>ရေးအသင့်အတင့်<br>ကောင်းမွန်ခြင်း | ဈေးကွက် ဗဟုသုတ<br>အားနည်းခြင်း၊<br>နိုင်ငံတော်မှ စိုက်ပျိုး<br>မွေးမြူရေးမဟုတ်သော<br>ဝင်ငွေရလုပ်ငန်းများ အတွက်<br>စီမံကိန်း၊ ပံ့ပိုးမှုပေါ်လစီတို့<br>အားနည်းခြင်း၊<br>ဘဏ်ဝန်ဆောင်မှုများနှငဝ့်ဝ်<br>လက်လှမ်းမမီခြင်း၊ | ထုတ်လုပ်သူများနှငဝ့်ဝ်<br>ဝယ်ယူသူများအကြားအဆက်<br>အသွယ်ရှာပေးခြင်း၊<br>ဒေသတွင်<br>ဘဏ်နှငဝ့်ဝ်ငွေရေးကြေးရေး<br>ဝန်ဆောင်မှု ရရှိစေခြင်း၊<br>အသေးစားစီးပွါးရေး<br>လုပ်ငန်းများအတွက်မြို့နယ်<br>အဆငဝ့်ဝ်ဘဏ်ဝန်ဆောင်မှုမျ<br>ဝား ရရှိစေခြင်း၊<br>ကျေးလက်စီးပွါးရေးလုပ်ငန်း<br>များနှငဝ့်ဝ်<br>အသေးစားစွနဝ့်ဝ်ဦးတီထွင်ဖွံ့<br>ဖြိုးရေးလုပ်ငန်းများထူထောင်<br>ပေးခြင်း၊ ဖိတ်ခေါ်ခြင်း | ခြင်း<br>ခေတ်မီလက်သမား၊ ပန်းရံ<br>ပစ္စည်းများထူထောင်ခြင်း<br>ခေတ်မီစက်ချုပ်/အလှပြင်ပစ္စည်းများ<br>ထူထောင်ခြင်း<br>သစ်၊ဝါးအခြေခံ ကုန်ချောထုတ်<br>လုပ်ခြင်း<br>ဌာနဆိုင်ရာဝန်ထမ်းများ လစ်<br>လပ်နေရာတွင် ဒေသခံ ဘွဲ့ရ<br>ပညာတတ်များအား ဦးစားပေး<br>ခန့်ထားပေးရန် |
| | အသက်မွေးဝမ်းလုပ်<br>ငန်းကျွမ်းကျင်မှု အား<br>နည်းသည်။ | ဆင်းရဲခြင်းနှငဝ့်ဝ်<br>နေ့စဉ်မိသားစုစား<br>ဝတ်နေရေးအတွက်<br>ရှာဖွေနေရသော<br>ကြောငဝ့်ဝ်လေ့လာသင်ယူ<br>နိုင်ခြင်း မရှိ။ | ကျေးရွာတွင်<br>အလုပ်လုပ်နိုင်သော အရွယ် (<br>) ရာခိုင်နှုံးရှိ ပြီး ဘွဲ့ရနှငဝ့်ဝ်<br>ဘွဲ့မရသေးသော<br>လူငယ်များရှိသည်။<br>အသက်မွေးဝမ်းပညာများကို<br>စိတ်ဝင်စားကြသည်။ | သင်တန်းတက်ရောက်ရန်<br>ကုန်ကျစရိတ်မတတ်နိုင်ကြ ပါ။<br>သင်တန်းတက်ရောက်ရန် အ<br>ဆက်အသွယ်မရှိကြပါ။ | အသက်မွေးပညာဦးစီး<br>ဌာနနှငဝ့်ဝ် ချိတ်ဆက် ဆောင်<br>ရွက်ခြင်း။<br>ဖွံ့ဖြိုးရေးအဖွဲ့များနှငဝ့်ဝ်<br>ချိတ်ဆက်ဆောင်ရွက် ခြင်း။ | <u>၈။ အသက်မွေးဝမ်းနည်းပညာစီ မံ<br>ကိန်း</u><br>သစ်သီးယိုစုံလုပ်ငန်းသင်တန်း<br>စက်ချုပ်နှင့်အိမ်တွင်းမှု အဆင့်<br>မြငဝ့်ဝ်သင်တန်း<br>မုန့်မျိုးစုံသင်တန်း<br>လက်သမား၊ ပန်းရံအဆင့်မြငဝ့်ဝ်<br>သင်တန်း<br>အိမ်သုံးလျှပ်စစ်ပြုပြင်နည်းသင်တန်း<br>စက်ပြင်သင်တန်း<br>ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>စီးပွါးဖြစ် မှိုစိုက်ပျိုးနည်းသင် တန်း<br>ဆံပင်ညှပ်၊ အလှပြင်သင်တန်း<br>ဖန်စီထိုးသင်တန်း<br>လက်ယက္ကန်း၊ စက်ယက္ကန်း<br>သင်တန်း<br>မှျစ်ချဉ်/မှျစ်ခြောက်ပြုလုပ်နည်းသင်<br>တန်း<br>သစ်၊ဝါး၊ ကြိမ် ကုန်ချောသင် တန်း |

SAMPLE

